dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"Why is the Traffic Policy jammed?"***

ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ယာဉ်ကြောပိတ်ဆို့မှု ပြဿနာကို ဘယ်လိုဖြေရှင်းကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံ၏ မြို့တော်ကြီးများဖြစ်သည့် ရန်ကုန်နှင့် မန္တလေး တို့တွင် နေထိုင်ကြသည့် လူဦးရေ အများစုတို့ နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲတစ်ခုမှာ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာပင်ဖြစ်သည်။

အစိုးရအပြောင်းအလဲ ဖြစ်ပေါ်ပြီးနောက်ပိုင်း ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် မော်တော်ယာဉ် တင်သွင်းမှုဆိုင်ရာ မူဝါဒသစ် ပေါ်ပေါက်လာခဲ့သည့်အတွက် မြန်မာနိုင်ငံ၌ ပိုင်ဆိုင်မှု လုပ်ငန်းတစ်ရပ် အဖြစ် ရှိနေခဲ့ပြီး ဈေးမြင့်မားမှုရှိနေခဲ့သော မော်တော်ယာဉ်ဈေးကွက်မှာ အလဲလဲအပြိုပြိုဖြစ်ခဲ့သည်။

ယင်းနောက်ပိုင်းတွင်မူ ယာဉ်ကြောပိတ်ဆို့မှုသည် ပြဿနာတစ်ရပ်အဖြစ် ယနေ့တိုင် ဖြေရှင်းနေရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးနေထိုင်သည့် ရန်ကုန်၌ ထက်ဝက်ကျော်သော လူဦးရေမှာ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်း ( လိုင်းကား) များကို အဓိက အားထားနေကြရသော်လည်း လူဦးရေ သန်းကျော်ရှိသည့် ရန်ကုန်မြို့တွင် တစ်မြို့လုံးအတွက် ပြေးဆွဲပေးနေသည့် လိုင်းကားစီးရေက တစ်သောင်းကျော်သော ပမာဏသာရှိသည်ဟု  သိရသည်။

လက်ရှိနိစ္စဒူဝ၌ ကြည့်လေရာရာတွင် တစ်ရွေ့ရွေ့သာ သွားလာနိုင်သည့်နေရာများနှင့် တုတ်တုတ်မျှမလှုပ်ပဲ နာရီဝက်ကျော်ခန့်ထိ ရပ်နေသည့် ယာဉ်တန်းကြီးထဲတွင် ဇဝဆန့်သည့်ကားကို ရာကျော်ဝင်အောင် လှုပ်ထည့်ချင်သည့် ကားများအတွင်း နေ့စဉ်လိုက်ပါနေကြရသည်ဖြစ်ရာ အပူကဲသည့်ရာသီ အလုပ်သွား၊ အလုပ်ပြန်ချိန်တို့မှာ လုပ်ငန်းခွင်ကထက်ပင် ပင်ပန်းဆင်းရဲလှသည်ကို ခံစားနေကြရသည်။

ရန်ကုန်မြို့ယာဉ်ကြောပိတ်ဆို့မှုမှာ နှစ်ချီကြာမြင့်လာခဲ့ပြီဖြစ်ပြီး ယင်းပြဿနာ ပြေလည်ရန် အစိုးရက ရန်ကုန်မြို့တွင် ခုံးကျော်တံတားများကိုလည်း တည်ဆောက်ပေးခဲ့ရာ ယခုနှစ် ဧပြီလ ၈ ရက်နေ့က ငါးစင်းမြောက်ဖြစ်သည့် ကျပ် ၁၆ ဘီလီယံခန့် ကုန်ကျသည့်  မြေနီကုန်း ခုံးကျော်တံတားကို ထပ်မံအသုံးပြုခွင့်ရရှိခဲ့သည်။၂၀၁၂ခုနှစ်တွင် လှည်းတန်းခုံးကျော်တံတား( ကျပ် ၁၄ ဒသမ ၄၈၇ ဘီလီယံ)၊ ဘုရင့်နောင် နှစ်ထပ်ခုံးကျော်တံတား ( ကျပ် ၂၁ ဒသမ ၇၄၄ ဘီလီယံ)၊ ရွှေဂုံတိုင်ခုံးကျော်တံတား (ကျပ် ၁၇ ဒသမ ၄၄ ဘီလီ ယံ)  တို့ကို ပုဂ္ဂလိက ကုမ္ပဏီများသို့ တင်ဒါစနစ်ဖြင့် ပေး၍ တည်ဆောက် ပေးခဲ့သည်။

ထို့အပြင် ရန်ကုန်မြို့အတွင်း လိုအပ်သည့်နေရာများ၌ ခုံးကျော်တံတားများထပ်မံတည်ဆောက်သွားရန်အတွက် လွှတ်တော်တွင် အတည်ပြုချက်ယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘတ်ဂျက်ခွင့်ပြုချက်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဟုလည်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆိုသည်။

သို့သော်လည်း ယခုငါးစင်းမြောက်ခုံးကျော်တံတားပြီးသည်အထိ ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုမှာ ပြေလည်နိုင်ခြင်းမရှိသေးကြောင်း ဆိုကြသည်။

ယာဉ်ကြေပိတ်ဆို့မှုများအတွက် အဖြေကဘာပါလဲ။ ကားတွေများလာတာကြောင့်လား၊ ယာဉ်မောင်းများ စည်းကမ်းမရှိခြင်းကြောင့်လား၊ ယာဉ်မောင်းတတ်သည်ဆိုကာမျှနှင့် လမ်းမပေါ် ရောက်လာကြသည် ဆိုခြင်းကြောင့်လား၊ ကာပါကင်များ မရှိခြင်းကြောင့်လား၊ ယာဉ်ထိန်းရဲတို့ မထိန်းကွပ်နိုင်ခြင်းကြောင့်လား ယာဉ်ကြောပိတ်ဆို့မှုကြောင့် တိုင်းပြည်အတွက်ဘာတွေဆုံးရှုံးသွားလဲ ဆိုတာတွေကို ယခုတစ်ပတ် ဒီဘိတ်အစီအစဉ်က ဆွေးနွေး တင်ဆက်ကြမည်ဖြစ်သည်။

## သူတို့အမြင်

"မြို့ထဲက တိုက်ခန်းတွေ ဈေးမြောက်ပြီး မငှားနိုင်လို့ ဒဂုံဆိပ်ကမ်းကို ရွှေ့လာရတယ်။မနက်ဆိုရုံးချိန်မီအောင် အစောကြီး အိပ်ရာ ထရတယ်။ တစ်နေ့တစ်နေ့ ကားပေါ်မှာ သုံးလေးနာရီအချိန်ကုန်ရတယ်။ တစ်နေ့လုံးကားပေါ်မှာအချိန်ကုန်ရတာများတော့အလုပ်ထဲလည်းကောင်းကောင်း အာရုံမစိုက်နိုင်။ တစ်နေကုန် ပင်ပန်းတော့ အိမ်ကျတော့ မိသားစုဘဝဆိုတာ မရှိတော့ဘူး။ စင်ကာပူလို ဖြစ်ချင်တဲ့ သမ္မတကြီးနဲ့ ခုံးကျော်တံတားတွေ လေးလနဲ့ဆောက်မယ့် ဝန်ကြီးတွေကို ကားကျပ်ကျပ်တွေ အကြာကြီး စီးနေရတဲ့ အချိန်တွေမှာ သတိရတယ်လို့ပြောပေးပါဗျာ " က ပြောပါသည်။ **ကိုကျော်ကျော်** - ကုမ္ပဏီဝန်ထမ်း တစ်ဦး။

"မြန်မာပြည်က ဘာမှအဆင်သင့်မဖြစ်ဘူး။ လတ်တလော အဆင်မပြေတာ နားလည်ပေးလို့ ရပေမယ့် အစိုးရက အမြန်ဆုံး ဖြေရှင်းဖို့လိုတယ်။ ကားဝယ်စီးတာက ပြည်သူတွေရဲ့ အခွင့်အရေးပဲ။ အစိုးရက လမ်းတွေ၊ တံတားတွေ ဖောက်ပေးဖို့ လုံလောက်အောင် ပြင်ဆင်ဖို့ တာဝန် ရှိတယ်" **ပါမောက္ခ ဒေါ်ရီရီမြင့်** - စီးပွားရေး ပညာရှင်။

***Information links:***

www.news-eleven.com

www.dvbdebate.net

www.Burmese.dvb.no